# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ
**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၈/၂၀၀၆)**

**၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်**

**(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)**

**[ ပြင်ဆင် : 11.07.2017 ]**

Myanmar Law Information System (MLIS)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရေအရင်းအမြစ်** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း မြေပေါ်မြေအောက်ရှိ ရေသယံဇာတအားလုံးကိုဆိုသည်။ ယင်းစကားရပ်တွင် မြစ်နှင့်ချောင်းများအတွင်းသို့စီးဝင်ရာ ရေအရင်းအမြစ်များလည်းပါဝင်သည်။ သို့ရာတွင်ကုန်းတွင်းပိုင်းရေများမပါဝင်။

(ခ) **မြစ်** ဆိုသည်မှာ ချောင်းများစီးဝင်ရာမှ ဖြစ်ပေါ်လာသော သဘာဝရေစီးကြောင်းကိုဆိုသည်။

(ဂ) **ချောင်း** ဆိုသည်မှာ သဘာဝရေအရင်းအမြစ်များစုစည်း၍ တစ်နေရာမှ တစ်နေရာသို့ စီးဆင်းသော ရေစီးကြောင်းကို ဆိုသည်။

(ဃ) **ရေလမ်း** ဆိုသည်မှာရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာခုတ်မောင်းသွားလာနိုင်သည့် ရေကြောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေလမ်းညွှန်အမှတ်အသားအထောက်အကူဖြင့်သာ ခုတ်မောင်း သွားလာနိုင်သည့် ရေကြောင်းများလည်းပါဝင်သည်။

(င) **ရေယာဉ်** ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့် လူနှင့်ကုန်ပစ္စည်းများတင်ဆောင်၍ တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ်တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကား ရပ်တွင်သစ်ဖောင်နှင့် ဝါးဖောင်များလည်းပါဝင်သည်။

(စ) **မြစ်ချောင်းနယ်** ဆိုသည်မှာ မြစ်ချောင်းများ၏ ဝဲယာကမ်းပါးနှစ်ခုအတွင်းရှိ ရေပြင်နယ်ကိုဆို သည်။ ယင်းစကားရပ်တွင် မြစ်ချောင်းအတွင်းရှိ ရေမြုပ်သောင်၊ ရေပေါ်သောင်နှင့် ကျွန်းများလည်း ပါဝင်သည်။

(ဆ) **ကမ်းပါးနယ်** ဆိုသည်မှာ ရေစစ်မျဉ်းနှင့် ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးကို ဆိုသည်။

(ဇ) **ကမ်းနားနယ်** ဆိုသည်မှာ ကမ်းပါးနယ်နှင့် ဆက်စပ်ပြီးကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဤဥပဒေနှင့် အညီသတ်မှတ်သည့် မြေနယ်နိမိတ် ကို ဆိုသည်။

(ဈ) **ဆိပ်ခံတံတား** ဆိုသည်မှာ ရေယာဉ်များ ဆိုက်ကပ်၍ လူနှင့် ကုန်ပစ္စည်းတင်ချနိုင်သည့် မြစ်တွင်း တည်ဆောက်ထားသော တံတားကိုဆိုသည်။

(ည) **ဖောတံတား** ဆိုသည်မှာ ဆိပ်ခံတွဲကို မြစ်တွင်းတွင် ကျောက်ချ၍ ကမ်းနှင့် ဆက်စပ်ပြီးတည်ဆောက်ထားသောရေယာဉ်များဆိုက်ကပ်ပြီးလူနှင့်ကုန်ပစ္စည်းများတင်ချနိုင်သည့်တံတားကိုဆိုသည် ။

(ဋ) **ရေဆင်းတံတား** ဆိုသည်မှာ လှေသမ္ဗာန်များ ဆိုက်ကပ်နိုင်ပြီး လူများရေချိုး ရေခပ်ပြုလုပ်နိုင်သည့် တံတားကိုဆိုသည်။

(ဌ) **ရေလမ်းထိန်းအဆောက်အအုံ** ဆိုသည်မှာ မြစ်ချောင်းများပြုပြင်ထိန်းသိမ်းရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ထားသော ကမ်းထိန်းနံရံများ၊ ရေလွှဲရေကာများ၊ ရေခေါ်ရေကာများ၊ ရေမြှောပေါက်ပိတ်ရေကာများ၊ နုန်းဖမ်းရေကာများနှင့် လှိုင်းကာများကို ဆိုသည်။

(ဌ-၁) **ကမ်းထိန်းအဆောက်အအုံ** ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးနယ်များ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန်သော်လည်းကောင်း၊ ကမ်းပါးတည်ငြိမ်မှု ရှိရေးအတွက်သော်လည်းကောင်း တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဍ) **သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း** ဆိုသည်မှာ မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာသည့် ရေယာဉ်ကြောင့်သော်လည်းကောင်း၊ မြစ်ချောင်းအနီး ပတ်ဝန်းကျင်ရှိစက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ သို့မဟုတ် နေထိုင်သူများကြောင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေခြင်း သို့မဟုတ် ဂေ ဟာစနစ်ပျက်စီးစေခြင်းကိုဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်။

<ပြင်ဆင် 11.07.2017>

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

Myanmar Law Information System (MLIS)

(က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများကို ပြည်သူများအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက်ထိန်းသိမ်းကာကွယ်ရန်၊

(ခ) မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆက်သွယ်မှုလုံခြုံချောမွေ့စေရန်၊

(ဂ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊

(ဃ) သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန်။

**အခန်း(၃)**

ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစီးဌာန၏တင်ပြချက်အပေါ် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်ညွှန်ကြားခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ကမ်းပါးနယ်နှင့် ဆက်စပ်ပြီးကမ်းထိန်းလုပ်ငန်း၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ကမ်းနားနယ်အဖြစ် မြေနယ်နမိတ် သတ်မှတ်ကြေငြာ ခြင်း၊

(ဂ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောစည်းကမ်းချက်များသတ်မှတ်နိုင်ရေးအတွက် ဦးစီး ဌာနသို့လမ်းညွှန်မှုပေးခြင်း၊

(ဃ) ပယ်ဖျက်

(င) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများ သတ်မှတ်ခြင်း၊

(စ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ပြည်တွင်း ပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဆ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်ရန် ရှိသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန် ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူစာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက် ခြင်း၊

<ပြင်ဆင် 11.07.2017>

**အခန်း(၄)**

ဦးစီးဌာန၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

Myanmar Law Information System (MLIS)

၅။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ဆိပ်ကမ်းများ မရွှေ့ရစေရေးနှင့် မြစ်ချောင်းရေလမ်းကြောင်းများကောင်းမွန်ပြီး အမြဲတစေ အသုံးပြုနိုင်စေရေးတို့အတွက် ဆောင်ရွက်ခြင်း၊

(ခ) မြစ်ချောင်းရေလမ်းကြောင်းများ ပြောင်းလဲမှုကြောင့် မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန်စီမံဆောင်ရွက်ခြင်း၊

(ဂ) မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များသတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြစ်ရေကို သောက်သုံးရေအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေအဖြစ်လည်းကောင်း၊ တစ်နှစ်ပတ်လုံး အသုံးချနိုင်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ညှိနှိုင်းဆောင်ရွက်လာသည့် အခါ လိုအပ်သော အကူအညီများပေးခြင်း၊

(စ) နိုင်ငံတော်ပိုင် မြေများမဆုံးရှုံးစေရေးအတွက် နယ်စပ်မြစ်များ၏ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံဆောင်ရွက်ခြင်း၊

(ဆ) မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မြစ်ချောင်းရေလမ်းကြောင်းများကို တိုင်းထွာစစ်ဆေး၍ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(ဇ) မြစ်ချောင်းများတွင် ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် စည်းကမ်းချက်များသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ် ကဲခြင်း၊

(ဈ) မြစ်ကြောင်းများ၏ရေအနက်ပိုမိုလာစေရေးနှင့် ရေယာဉ်များ၏ဝန်တင်အလေးချိန်တိုးမြင့်တင် ဆောင်သွားလာနိုင်ရေးတို့အတွက် ဆောင်ရွက်ခြင်း၊

(ည) မြစ်ချောင်းများ မတိမ်ကောစေရေးအတွက် မြစ်ချောင်းများတွင်လိုအပ်သည့် ရေဘက်ဆိုင်ရာနည်းပညာတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သောင်တူးဖော်ခြင်းနှင့် တူးစာစွန့်ပစ်ခြင်း၊

(ဋ) မြစ်ချောင်းများ၌ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေသည့် အရာဝတ္ထုတို့ကိုဖယ်ရှားရှင်းလင်းခြင်း၊

(ဋ-၁) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(ဌ) မြို့ရွာဆိပ်ကမ်းများ၌လည်းကောင်း၊ ကျဉ်းမြောင်းသောမြစ်ချောင်းများနှင့် ရေကြောင်းများ၌လည်းကောင်း သွားလာခုတ်မောင်းနေသောရေယာဉ်အားအနှောင့်အယှက် သို့မဟုတ် အန္တရာယ်ဖြစ်စေလောက် သည့်အထိ ဆိုက်ကပ်ရပ်နားထားသော၊ ကျောက်ချရပ်နားထားသော၊ သောင်တင်နေသော သို့မဟုတ် နစ် မြုပ်နေသော ရေယာဉ်များကို ဖယ်ရှားခြင်း၊

Myanmar Law Information System (MLIS)

(ဍ) ရေအောက်ဓါတ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ဓါတ်ငွေ့ပိုက်လိုင်း၊ ရေပိုက်လိုင်း သို့မဟုတ် ရေအောက် ဥမင်လိုဏ်ခေါင်းရှိသောနေရာတို့တွင် ကျောက်ချရပ်နားမှုများ မပြုရန် တားမြစ်ခြင်းနှင့် တားမြစ်ထား သည့် အကွာအဝေးတွင် ကျောက်ချရပ်နားထားသည့် ရေယာဉ်များကိုဖယ်ရှားခြင်း၊

(ဎ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ အပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများကောက်ခံခြင်း၊

(ဏ) ဝန်ကြီးဌာနက ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း၊

(တ) မိမိ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဝန်ကြီးဌာနသို့တင်ပြခြင်း၊

<ပြင်ဆင် 11.07.2017>

၆။ ဦးစီးဌာန၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကမ်းထိန်းအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ရေလမ်းထိန်းအဆောက်အအုံ၊ လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတား၊ ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ် ငန်းများအတွက် မြစ်ရေအသုံးပြုခြင်း၊ လုပ်ကိုင်ခွင့်လျှောက်ထားခြင်းအပေါ် စိစစ်၍ခွင့်ပြုချက် ထုတ်ပေးခြင်း၊

(ခ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းသဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်းတို့ကို စိစစ်၍ခွင့်ပြုခြင်း၊

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများ၊ တံတားများ ဆောက်လုပ်ခွင့်နှင့် ပြင်ဆင်ခွင့် လျှောက်ထားခြင်း တို့အပေါ် စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း၊

(ဃ) ရေလမ်းများအဆင့်သတ်မှတ်ခြင်း၊ ရေလမ်းဖွင့်ခြင်း၊ ပိတ်ခြင်း၊ ရေလမ်းဆိုင်ရာသတင်းနှင့် သတိပေးချက်တို့ကို အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(င) ရေကြောင်းအလိုက် သွားလာနိုင်သည့် ရေယာဉ်အရွယ်အစားနှင့် တွဲအရေအတွက်သတ်မှတ်ခြင်း၊ ရေစူးအနက်သတ်မှတ်ခြင်း၊

(စ) မြစ်တွင်းသွား ရေယာဉ်များ ဆိုက်ကပ်ရပ်နားရေးအတွက် မြစ်တွင်း ဆိပ်ကမ်းနေရာရွေးချယ်ခြင်း၊ ဆိပ်ကမ်းနယ်နမိတ်သတ်မှတ်ခြင်း၊ ဆိပ်ကမ်းဖွင့်ခြင်း၊ ပိတ်ခြင်း၊

(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲကျုံးခြင်း၊ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းနှင့် ချောင်းကျောက်ထုတ်ခြင်းများ လုပ်ကိုင်ခွင့်လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ၊ မြစ်ချောင်းနယ်၊

Myanmar Law Information System (MLIS)

ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ ထိခိုက်နိုင်ခြင်း ရှိ မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း၊

(ဆ-၁) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် ရေလုပ်ငန်းဆောင်ရွက်ခြင်းများ၊ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်း များ၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ ထိခိုက်နိုင်ခြင်းရှိ မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရ ဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း၊

(ဇ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ရေယာဉ်များ ခုတ်မောင်းသွားလာခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စည်းကမ်းချက်များသတ်မှတ်၍ ထုတ်ပြန်ကြေညာခြင်း၊

(ဈ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခွင့် လျှောက်ထား ခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(ည) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆက်စပ်၍ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာအားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

<ပြင်ဆင် 11.07.2017>

၇။ ဦးစီးဌာနသည် မိမိလုပ်ငန်းတာဝန်များကို လိုအပ်ပါက မိမိလက်အောက်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးရုံးများ၊ မြို့နယ်ဦးစီးမှူးရုံးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

<ပြင်ဆင် 11.07.2017>

## အခန်း(၅)
## တားမြစ်ချက်များ

၈။ မည်သူမျှ-

(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိခိုက်ပျက်စီးစေရန်ရည်ရွယ်၍ တစ်စုံတစ်ရာပြုလုပ်ခြင်း သို့မ ဟုတ် ရေကြောင်းအားပြောင်းလဲစေခြင်းမပြုရ၊

(ခ) ရေအရင်းအမြစ်များကို တမင်ပြုန်းတီးစေခြင်းမပြုရ။

၉။ မည်သူမျှ ရေလမ်းထိန်းအဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖျက်ဆီး ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေယာဉ်ဖြင့်ဝင်တိုက်ခြင်းမပြုရ။

၁၀။ မည်သူမျှ မြစ်ချောင်းအတွင်း ရေယာဉ်များကျောက်ချရပ်နားခြင်း မပြုရန်တားမြစ်ထားသည့်နေရာ တွင် ရေယာဉ်ကိုကျောက်ချရပ်နားခြင်းမပြုရ။

၁၁။ မည်သူမျှ-

Myanmar Law Information System (MLIS)

(က) ကမ်းပါးမှသော်လည်းကောင်း၊ ခုတ်မောင်းနေသော၊ ဆိုက်ကပ်ထားသော၊ ကျောက်ချရပ်နားထားသော၊ သောင်တင်နေသော သို့မဟုတ် နစ်မြုပ်နေသော ရေယာဉ်မှသော်လည်းကောင်း၊ သဘာဝပတ်ဝန်း ကျင်ထိခိုက်ပျက်စီးခြင်းဖြစ်စေမည့် စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်းနှင့် အခြားပစ္စည်းများ စွန့်ပစ်ခြင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများ စွန့်ပစ်ခြင်းမပြုရ။

(ခ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ် သို့မဟုတ် ကမ်းပါးနယ်အတွင်းအဆိပ်သင့်စေသောပစ္စည်းတစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောပစ္စည်းဖြင့် ဖောက်ခွဲ၍ဖြစ်စေ ရေနေသတ္တဝါများအား ဖမ်းဆီးခြင်း မပြုရ။

(ဂ) မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်း လုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်းစီးဝင်နိုင်သည့် ရေဆင်းလမ်းလျှိုမြောင်းများအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်းမပြုရ။

၁၂။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ နုန်းဖမ်းခြင်း၊ အင်းပိတ်ခြင်း၊ တမံဖို့ခြင်း သို့မဟုတ် တုတ်ရိုက်ခြင်းမပြုရ။

၁၃။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ထောက်ခံချက်မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်းမပြုရ။

၁၄။ မည်သူမျှ သတ်မှတ်ထားသော ရေလမ်းထိန်းလုပ်ငန်းအတွက် ပြုစုထိန်းသိမ်းထားသည့် သောင်များမှလည်းကောင်း၊ မြစ်ချောင်းများအတွင်း တားမြစ်ထားသည့်နေရာမှလည်းကောင်း၊ ရေလမ်းကြောင်းအတွင်းမှလည်းကောင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတများထုတ်ယူခြင်းမပြုရ။

၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ-

(က) ရေလမ်းထိန်းအဆောက်အအုံ လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဇောတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ ယာယီမြစ်ကူးချောင်းကူး တံတား ဆောက်လုပ်ခြင်း မပြုရ။

(ခ) ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ မွေးမြူရေးကန်များ တူးဖော်ခြင်းမပြုရ။

<ပြင်ဆင် 11.07.2017>

၁၆။ မည်သူမျှ-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော ရေယာဉ်အရွယ်အစား၊ စက်မြင်းကောင်ရေပမာဏ သို့မဟုတ် တွဲအရေအတွက်နှင့် ညီညွတ်ခြင်းမရှိသော ရေယာဉ်ကိုမြစ်ချောင်းအတွင်းခုတ်မောင်းသွားလာ ခြင်းမပြုရ။

Myanmar Law Information System (MLIS)

(ခ) သတ်မှတ်ထားသည့်ရေစူးအနက်နှင့် ကိုက်ညီခြင်း မရှိသောရေယာဉ်ကိုမြစ်ချောင်းအတွင်းခုတ်မောင်းသွားလာခြင်းမပြုရ။

၁၇။ မည်သူမျှ သက်ဆိုင်ရာတာဝန်ရှိသူက ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်း သို့မဟုတ် ရေအောက်အန္တရာယ်ရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်နေသဖြင့် ရေယာဉ်များရပ်တန့်စောင့်ဆိုင်းရန် အချက်ပြထားသည်ကို မလိုက်နာဘဲရေယာဉ်ကို ဖြတ်သန်းခုတ်မောင်းသွားလာခြင်း မပြုရ။

၁၈။ မည်သူမျှ သတ်မှတ်ထားသော ဝန်တင်ရေမှတ်ထက်ပို၍ ဝန်များတင်ဆောင်ခုတ်မောင်းသွားလာ ခြင်း သို့မဟုတ် သတ်မှတ်ထားသောရေကြောင်းလမ်းပြင်ပမှခုတ်မောင်းသွားလာခြင်းမပြုရ။

၁၉။ မည်သူမျှ ကမ်းပါးမှသော်လည်းကောင်း၊ ခုတ်မောင်းနေသော၊ ဆိုက်ကပ်ထားသော၊ ကျောက်ချရပ်နားထားသော၊ သောင်တင်နေသော သို့မဟုတ် နစ်မြုပ်နေသော ရေယာဉ်ပေါ်မှ ရေလမ်းပျက်စီးခြင်း သို့မဟုတ် ရေကြောင်းပြောင်းလဲခြင်းဖြစ်ပေါ်စေမည့် အရာဝတ္ထုတစ်ခုခုကို မြစ်ချောင်းအတွင်းသို့စွန့်ပစ်ခြင်းမပြုရ။

၂၀။ မည်သူမျှ-

(က) မြစ်ချောင်းအတွင်း ရေလမ်းကြောင်းကိုပိတ်ဆို့၍ ငါးဖမ်းပိုက်ထောင်ခြင်း၊ ပိုက်ချခြင်း၊ ပိုက်မျှောခြင်း နှန်းထိုင်အောင်ပိုက်ချခြင်း သို့မဟုတ်ပိုက်ထောင်ခြင်း မပြုရ။

(ခ) မြစ်ကူးတံတားတိုင်များအားရေယာဉ်ဖြင့်ဝင်တိုက်မိစေခြင်း မပြုရ။

၂၁။ မည်သူမျှ-

(က) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းမြို့ပြကျေးလက်လူနေမှုပုံစံနှင့် မသင့်လျော်သည့် အိမ်သာများဆောက်လုပ်ခြင်းမပြုရ။

(ခ) ရေတွင်းရေကန်တူးဖော်ခြင်း၊ ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲမြေတူးခြင်းမပြုရ။

၂၂။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းစီးပွားရေးအလို့ငှာသဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်းမပြုရ။

၂၃။ မည်သူမျှ-

(က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ်တူးဖော်ခြင်း မပြုရ။

(ခ) ဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများနှင့်တံတားများ၊ လမ်းများနှင့် ကမ်းထိန်း အဆောက်အအုံများ၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရ။

(ဂ) ရေလမ်းညွှန်အမှတ်အသားများ၊ မိုင်တိုင်များ၊ မှတ်တိုင်များ သို့မဟုတ် နိမ့်မြင့်ပလ္လင်များကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း သို့မဟုတ် ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲရွှေ့ပြောင်းခြင်းမပြုရ။

<ပြင်ဆင် 11.07.2017>

Myanmar Law Information System (MLIS)

၂၄။ မည်သူမျှ-

(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ဦးစီးဌာနက သတ်မှတ်ထားသော မြစ်ချောင်းများအတွင်းရေယာဉ်များခုတ်မောင်းသွားလာခြင်းဆိုင်ရာ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

(ခ) မြစ်ချောင်းအတွင်း ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးနှင့် ရေလမ်းကြောင်းမပြောင်းလဲစေရေးအတွက် ဦးစီးဌာနကသတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

**အခန်း(၆)**

**ပြစ်ဒဏ်များ**

၂၅။ မည်သူမဆို ပုဒ်မ ၈၊ ၉၊ ၁၅ သို့မဟုတ် ပုဒ်မ ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူအား ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

<ပြင်ဆင် 11.07.2017>

၂၆။ မည်သူမဆို ပုဒ်မ ၁၀၊ ၁၁၊ ၁၂၊ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

<ပြင်ဆင် 11.07.2017>

၂၇။ မည်သူမဆို ပုဒ်မ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂ သို့မဟုတ် ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ် ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

<ပြင်ဆင် 11.07.2017>

၂၈။ မည်သူမဆို ပုဒ်မ ၂၅၊ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ အရပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထိုသူ၏ ပြုလုပ်မှုကြောင့် တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုရှိပါက သက်ဆိုင်ရာ ပြစ်မှုအတွက် ချမှတ်သော ငွေဒဏ်အပြင် ထိုသူအားအဆိုပါ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို လျော်ကြေးအဖြစ်ပေးဆောင်စေရန်ထည့်သွင်းချမှတ်ရမည်။ ချမှတ်သော လျော်ကြေးငွေကိုပေးဆောင်ခြင်းမပြုပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၈၆ အရဒဏ် ငွေကဲ့သို့အရကောက်ခံရမည်။

၂၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင်ဖြစ်စေ ဤဥပဒေတွင် ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

Myanmar Law Information System (MLIS)

## အခန်း(၇)

## အထွေထွေ

၃၀။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းများနှင့် ကမ်းပါးနယ်၊ ကမ်းနားနယ်အတွင်း ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ မြစ်ရေထုတ်နုတ်သုံးစွဲခြင်း၊ မြစ်ကူးတံတားကြီးများတည်ဆောက်ခြင်း၊ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓါတ်အားလိုင်းဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် တူးဖော်ခြင်းပြုလုပ်လိုပါကရေအရင်းအမြစ်နှင့် မြစ်ချောင်းများ မထိခိုက်စေရေးအတွက် ဝန်ကြီးဌာန၏သဘောတူညီချက်ကို ရယူပြီးမှသာဆောင်ရွက်ရမည်။

<ပြင်ဆင် 11.07.2017>

၃၁။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အစိုးရဌာန၊ အဖွဲ့အစည်းတို့သည် ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)နှင့် (ဆ) တို့ပါ လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများမထိခိုက်စေရေးအတွက်ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်။

၃၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဤဥပဒေအရသာလျှင် အရေးယူဆောင်ရွက်ရမည်။

၃၃။ The Obstructions in Fairways Act, 1881၊ The Defile Traffic Act, 1907၊ The Ports Act, 1908၊ ပြည်တွင်း ရေကြောင်းသွား၊ ရေယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၉)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၂၁) တို့နှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

<ပြင်ဆင် 11.07.2017>

၃၄။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦး ကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြု ရ။

၃၅။ ဤဥပဒေအရတရားစွဲဆိုသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကအရေးယူပိုင်သော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော ညွှန်ကြားချက်များကိုလည်းကောင်းထုတ်ပြန်နိုင် သည်။

<ပြင်ဆင် 11.07.2017>

Myanmar Law Information System (MLIS)

(ပုံ)သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)